လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ (ဌာနချုပ်)

DEMOCRATIC PARTY FOR A NEW SOCIETY (H.Q)

# အပစ်အခတ်ရပ်စဲထားသည့် တိုင်းရင်းသားအဖွဲ့အစည်းများသို့ ပန်ကြားချက်

(၂၀၀၈ ခုနှစ်၊ မတ်လ ၂ ရက်)

လာမည့်မေလတွင် "ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပပြုလုပ်မည်"ဟု (နအဖ)စစ်အစိုးရက ကြေညာထားပါသည်။ ထိုပြည်လုံးကျွတ်ဆန္ဒခံယူပွဲတွင် ပြည်သူများအနေဖြင့် သက်ဆိုင်ရာမဲရုံများသို့ သွားရောက်၍ မိမိတို့ရင်ထဲက စစ်အာဏာရှင်စနစ်ကို တူးတူးခါးခါးမုန်းတီးရွံရှာကြောင်း ပြသသည့်အနေဖြင့် "ဆန့်ကျင်မဲပေးကြရန်" ကျွန်တော်တို့ပါတီ ဗဟိုကော်မတီအနေဖြင့် တိုက်တွန်းပန်ကြားထားပါသည်။

ပြည်သူများ လိုလားတောင့်တကြသည်မှာ စစ်မှန်သောပါတီစုံဒီမိုကရေစီစနစ်၊ စစ်မှန်သောဖက်ဒရယ် ပြည်ထောင်စုစနစ်သာ ဖြစ်ပါသည်။ စစ်မှန်သောပါတီစုံ ဒီမိုကရေစီစနစ်ကို အနှစ်ချုပ်၍တင်ပြရလျှင် "ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်မှန်သမျှကို ပြည်သူလူထုက တိုက်ရိုက်ဆန္ဒမဲပေး ရွေးချယ်ရသည့်စနစ်ဖြစ်ပါသည်။" ယခု (နအဖ) စစ်အစိုးရက တဖက်သတ်ရေးဆွဲထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ထိုအနှစ်သာရကျသည့်အချက်ကို ဖောက်ဖျက်ထားပြီး ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းသူများကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအဖြစ် လက်ခံရမည်ဟု ဖော်ပြပါရှိပါသည်။ ထို့အပြင် တိုင်းရင်းသားလူမျိုးစုများ အစဉ်တစိုက် တောင်းဆိုတိုက်ပွဲဝင်ခဲ့ကြသည့် အမျိုးသားတန်းတူရေးနှင့်ကိုယ်ပိုင်ပြဌာန်းခွင့်ရရှိရေးစသည့်အခွင့်အရေးများကို ပစ်ပယ်ထားပါသည်။ ယင်းမှာ ဒီမိုကရေစီ အရေခြုံထားသည့် စစ်အာဏာရှင်စနစ်ပင် ဖြစ်ပါသည်။

(နအဖ)စစ်အစိုးရ ရေးဆွဲထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ (မူကြမ်း)သည် စစ်မှန်သော ပါတီစုံဒီမိုကရေစီစနစ်နှင့် စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စုစနစ်ကို ဖော်ဆောင်နိုင်မည့် အခြေခံဥပဒေမဟုတ်ပါ။ ဝါရင့်ရှမ်းအမျိုးသားနိုင်ငံရေးသမားကြီး ဦးရွှေအုံး ပြောထားသည့် စကားအတိုင်း " အနှစ်(၄၀) ယာယီစစ်အာဏာရှင်စနစ်မှ နှစ်ပေါင်း (၄၀၀) ထာဝစဉ်စစ်အာဏာရှင်စနစ် တည်တံ့စေမည့် အခြေခံဥပဒေသာဖြစ်ပါသည်။ "

ထိုသို့သော စစ်မှန်သော အမျိုးသားတန်းတူရေး၊ ကိုယ်ပိုင်ပြဌာန်းခွင့်ရှိရေး နှင့် စစ်မှန်သောပါတီစုံ ဒီမိုကရေစီစနစ်ကို ဖော်ဆောင်နိုင် ခြင်းမရှိသည့် (နအဖ)စစ်အစိုးရ တဖက်သတ်အနိုင်ကျင့်ရေးဆွဲထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ (မူကြမ်း)ကို လူမျိုးစုံ ပြည်သူများအနေဖြင့် မိမိတို့သက်ဆိုင်ရာ ပြည်နယ်နှင့်တိုင်းအလိုက် မဲရုံများသို့ သွားရောက်၍ "ဆန့်ကျင်မဲပေးကြရန်" လိုအပ်ပါသည်။

သို့သော်လည်း လူမျိုးစုံ ပြည်သူများအနေဖြင့် (နအဖ)စစ်အစိုးရ၏ အမျိုးမျိုးသောဖိနှိပ်မှုများ၊ ခြိမ်းခြောက်မှုများ၊ လှည့်စားမှုများကြောင့် ရဲဝံ့စွာ ဆန့်ကျင်မဲပေးနိုင်ရေးအတွက် အခက်အခဲတစ်စုံတရာရှိပါသည်။ သို့အတွက် လူမျိုးစုံပြည်သူများအနေဖြင့် မိမိတို့သက်ဆိုင်ရာ မဲရုံများသို့သွားရောက်၍ ရဲဝံ့စွာ ဆန့်ကျင်မဲပေးနိုင်ကြစေရန် အပစ်အခတ်ရပ်စဲထားသည့် တိုင်းရင်းသားအဖွဲ့အစည်းများ အနေဖြင့် မိမိတို့အခြေစိုက်ရာ၊ မိမိတို့ကိုယ်စားပြုရာ တိုင်းရင်းသားလူမျိုးနယ်မြေများတွင် လိုအပ်သလိုလှုံ့ဆော်တိုက်တွန်းအားပေးပါရန် ကျွန်တော်တို့ပါတီဗဟိုကော်မတီက တင်ပြပန်ကြားအပ်ပါသည်။

ဗဟိုကော်မတီ
လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ (ဌာနချုပ်)
၂၀၀၈ ခုနှစ်၊ မတ်လ ၂ ရက်။